**2nd Multi Stakeholder Advisory Group (MSAG)**

**Thilawa SEZ Phase 1**

**Park Royal Hotel, Yangon, 2nd Sep 2015, 2pm**

**အစည်းအဝေးတက်ရောက်သူများ**

**<u>အဖွဲ့ဝင်များ</u>**

- ✓ Ms. Vicky Bowman, Myanmar Centre for Responsible Business (MCRB) (Chair)
- ✓ Dr. Than Aung, Secretary, Thilawa SEZ Management Committee (TSEZMC)
- ✓ Hnin Wut Yee, MCRB, Research and Outreach Manager
- ✓ U Thurane Aung, MJTD, Vice President
- ✓ Daw Ei Ei Khaing, Community Relations Officer, MJTD
- ✓ Daw Ngu Wah Hlaing, MJTD, Assistant Officer
- ✓ U Myint Naing, TSDG
- ✓ U Aye Htay, TSDG
- ✓ U Aye Khaing Win, Project Affected People at Thilawa SEZ Phase 1 and 2
- ✓ U Sandawara, Mediator, Income Restoration Programme
- ✓ U Thein Zaw, Min Dhama Construction Co.Ltd
- ✓ Ms. Jessica Spanton, Earth Rights International (ERI)
- ✓ Bo Bo, Deputy Director, Earth Rights International (ERI)
- ✓ Daw Nang Khin Khin Tun, Programme Coordinator, Paung Ku
- ✓ Junko Kikuchi, Zaw La, Htar Aye Zan, Eh Doh, JICA Expert Team

<u>Observers</u>

- ✓ U Min Ta La Nyan, Ball Asia Pacific Co.
- ✓ Daw Ma Myat Sandi Zaw, Ball Asia Pacific Co
- ✓ Mr. Leon de Riedmatten/ Ms. Sophia Naing, Peace Nexus
- ✓ U Aye Thiha, E-Guard, Managing Director
- ✓ Daw Myat Mon Swe, E-Guard, Senior Consultant
- ✓ Mr. Sadamitsu Sakoguchi, ERM,
- ✓ Mr. Benjamin WHITE, ILO, Technical Officer
- ✓ Mrs Piyamal Pichaiwongse, ILO, Deputy Liaison Officer
- ✓ Mr. Moe Kyaw, ILO, Field Assistant, Consultant
- ✓ Charlotte Bisley, Social Clarity, Managing Director

## ၁။ မိတ်ဆက်စကားပြောခြင်း

**အင်္ဂလိပ်-မြန်မာဘာသာပြန်အကြောင်း၊ အစည်းအဝေး၏ အစီအစဉ်များအကြောင်းကို ရှင်းပြခြင်းများ၊**

ဘက်ပေါင်းစုံပါဝင်သော အကြံပေးညှိနှိုင်းအဖွဲ့(MSAG)၏ စည်းကမ်းသတ်မှတ်ချက်များအကြောင်း ကို ပွင့်လင်းမြင်သာမှုရှိစေရန် MCRB ဝက်ဘ်ဆိုက်တွင် တင်ထားခြင်း စသည်တို့ကို ကြေငြာပါသည်။ စကားပြန်တစ်ဆက်တည်း ပြန်ဆိုမှု ပြုလုပ်မည် ဖြစ်ပါသည်။

## ၂။ သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သတ်၍ သီလဝါအထူးစီးပွားရေးဇုန်စီမံ ခန့်ခွဲမှု ကော်မီတီမှ တင်ပြခြင်း

- သီလဝါအထူးစီးပွားရေးဇုန်၏ လက်တလော ဖွံ့ဖြိုးမှုများအခြေအနေ အကြောင်းကို သီလဝါ အထူး စီပွားရေးဇုန်စီမံခန့်ခွဲမှုကော်မီတီမှ ဒေါက်တာဦးသန်းအောင်က ခြုံငုံသုံးသပ်ပြပါသည်။ ငြင်းခုံမှုများ နှင့် ဧရိယာအတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူများ၏ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် လယ်သမားများအပါအဝင် ဒေသခံလူထုနှင့် အစည်းအဝေး ၃ ကြိမ်လောက် ပြုလုပ်ခဲ့ပါသည်။ စီမံကိန်းဧရိယာ အဆင့် (၂) ၏ ပြန်လည်နေရာချထားရေးနှင့် ပတ်သတ်သော အစည်းအဝေး ကို အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပရန်လျာထားပါသည်။ စီမံကိန်းကြောင့် ထိခိုက် နစ်နာ သောသူများ၏ လိုအပ်ချက်ပေါ် မူတည်၍ အစိုးရမှ ပေ၄၀ x ပေ၆၀ မြေကွက်များပေးရန် စီစဉ်ထား ကြောင်းပြောကြားခဲ့ပါသည်။ မူလနေထိုင်ရာဒေသမှ သိပ်မဝေးသောနေရာတွင် ပြန်လည်နေရာချ ထားရန် စီစဉ်ထားကြောင်း၊ စီမံကိန်း ဧရိယာအဆင့် (၁)၏ ပြန်လည်နေရာချထားသောနေရာမှာ မြေနိမ့်ပိုင်းတွင် တည်ရှိပါသဖြင့် မိုးရာသီတွင် အိမ်သာပြဿနာ၊ ရေနုတ်မြောင်းပြဿနာများ ရင်ဆိုင်နေရပုံကို သင်ခန်းစာယူ၍ ယခုတစ်ခေါက်တွင် ပိုမို ကောင်းမွန်သောနေရာကို ရွေးချယ်၍ ပေးသွားရန် စီစဉ်ထားကြောင်း ပြောကြားခဲ့ပါသည်။
- သီလဝါလူမှုဘဝဖွံ့ဖြိုးရေးအဖွဲ့မှ ကိုအေးဌေးမှ မြေကွက်များကို ပေးရာတွင် ၂၀၁၃ ဧပြီလ နောက်ပိုင်း နှင့် ၂၀၁၄နှစ် အတွင်း အိမ်ထောင် ပြုပြီးသား သားသမီးများနှင့် မကြာမီ အိမ်ထောင် ပြုမည့် သားသမီးများအတွက်ပါ ထည့်သွင်းစဉ်းစားပေးရန် တောင်ဆိုခဲ့ပါသည်။
- စီမံကိန်းဧရိယာ အဆင့်(၂)မှ စီမံကိန်းကြောင့် ထိခိုက်နစ်နာသောသူများ အတွက် ပေ၄၀ x ပေ၆၀ မြေကွက်များပေးလျှင် စီမံကိန်းဧရိယာ အဆင့်(၁)မှ စီမံကိန်းကြောင့် ထိခိုက်နစ်နာသောသူများ ထံမှ မမျှတသဖြင့် အပြစ်ပြောစရာဖြစ်လာနိုင်ကြောင်းကို ကြားဝင်စေ့စပ်ညှိနှိုင်း ပေးသူ ဦးစန္ဒာဂရ မှပြောကြားခဲ့ပါသည်။
- E Guard Environmental Services မှ စီနီယာအတိုင်ပင်ခံ ဒေါ်မြမွန်ဆွေမှ စီမံကိန်းဧရိယာ အဆင့် (၂)တွင် ကလေးငယ်များအတွက် စာသင်ကျောင်း၊ ကစားကွင်းများကို ဆောက်လုပ်ပေးသင့် ကြောင်း အကြံပြုပြောကြားခဲ့ပါသည်။
- စီမံကိန်းဧရိယာ အဆင့်(၂)မှ ၁၉၉၈ခုနှစ် လျော်ကြေးငွေပေးအပ်ခဲ့ရာတွင် မပါဝင်ခဲ့သည့်ဧရိယာ အတွက် လျော်ကြေးငွေကို မည်သို့တွက်ချက်သည်ကို ERI မှ ဦးဘိုဘို က မေးမြန်းခဲ့ပါသည်။
- နိုင်ငံတကာစံနှုန်းများနှင့် လက်ရှိပေါက်ဈေးကို အခြေခံ၍ ဂျပန်ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်း ပါဝင်ကူညီမှုဖြင့် လျော်ကြေးငွေကို တွက်ချက်ပါသည်ဟု ဒေါက်တာဦးသန်းအောင်မှ ဖြေကြားခဲ့ပါ သည်။ cut-off date ပြီးမှ အိမ်ထောင်ပြုသည့်မိသားစုများမှ ထပ်မံဆောက်လုပ်သော အိမ်အသစ် များကို ကျူးကျော်များအနေဖြင့် သတ်မှတ်မည်ဖြစ်ကြောင်း၊ ဟတ်တာ ၄၀၀ မိသားစုများမှ ရရှိ သော အစားထိုးမြေနေရာများမှာ ပမဏနည်းပါးခြင်းပြဿနာကို အနာဂတ်တွင် companies များထံမှ အကူအညီရရှိရန် မျှော်လင့်ကြောင်းပြောကြားခဲ့ပါသည်။ ပြန်လည်နေရာချထားရေးနှင့် ပတ်သတ်သည့် အကြောင်းအရာများကို အောက်တိုဘာလ ၁၁ ရက်နေ့အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

## ၃. IRP ၏ လုပ်ငန်းစဉ် တိုးတက်မှုဖြစ်စဉ်အကြောင်းကို ရှင်းလင်းပြောကြားခြင်း

- **IRP** သည် စီမံကိန်းကြောင့် ထိခိုက်နစ်နာသောသူများ၏ စီးပွားရေးတစ်ခုတည်းကိုသာမက လူမှုရေး၊ အခြေခံအဆောက်အအုံ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်များကိုပါ အာရုံစိုက်၍ လုပ်ဆောင်နေပါကြောင်း နှင့် **IRP** ၏ လုပ်ငန်းဆောင်တာများကို စီမံခြင်း အကောင်အထည် ဖော်ဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် လူထု၏ပူးပေါင်းပါဝင်မှု၊ လူထုနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်၍ ဆောင်ရွက်နေကြောင်း၊ လူမှုရေးအထောက်အပံ့အကူအညီအဖြစ် ငွေကြေး သိန်း (၃၀)အား နေရာချထားရေးဧရိယာမှ (၆၈)အိမ်ထောင်စုနှင့် ပြင်ပနေ (၁၃)အိမ်ထောင်စုတို့အား ၃ ကြိမ်ခွဲ၍ ကူညီပေးခဲ့ခြင်း၊ ဘဏ်အကောင့်ဖွင့်ပေးခြင်းနှင့် နိုင်ငံသားစီစစ်ရေးကဒ်ပြားများရရှိရန် ကူညီလုပ်ကိုင် ပေးခဲ့ခြင်းများကို **JICA Team** မှ ရှင်းလင်းတင်ပြခဲ့ပါ သည်။
- ငွေစုငွေချေးနှင့်ပတ်သက်သော သင်တန်းများကို စီမံကိန်းဧရိယာအဆင့်(၁)မှ စီမံကိန်းကြောင့် ထိခိုက်နစ်နာသောသူများကို စတင်၍ပေးနေကြောင်း၊ မိသားစု ၅၂စုမှ စုငွေပေါင်း ၁၀ သိန်းခန့် စုထားပြီး ဖြစ်ကြောင်း၊ **Microfinance** ၏ ရည်ရွယ်ချက်မှာ ဒေသခံများကိုယ်တိုင် သူတို့၏ အသက် မွေးဝမ်းကျောင်းကို စီမံခန့်ခွဲနိုင်ရန်ဖြစ်သဖြင့် အချိန်ပေး၍ သင်တန်းပေးရန်လိုအပ်ပါသည်ဟု အသေးစားငွေစုငွေချေးနှင့် ပတ်သက်သော ကျွမ်းကျင်ပညာရှင် ဦးသိန်းဇော် မှ ပြောကြား ခဲ့ပါသည်။
- စီမံကိန်းဧရိယာ အဆင့်(၁)မှ စီမံကိန်းကြောင့် ထိခိုက်နစ်နာသောသူများနှင့် တခြားဒေသမှ သူများ ၏ မတူညီသောအချက်မှာ ပြန်လည်နေရာချထားခံရသူများက **Micro Finance Program** ကို ၄င်းတို့ရသင့်သည့် အခွင့်အရေးတစ်ခုကဲ့သို့မြင်နေပြီး ငွေစုငွေချေးစနစ်နှင့် ပတ်သက်သော သင်တန်းများကိုတက်ရောက်ရန် စိတ်မဝင်စားပဲ ငွေကြေးအထောက်အပံ့ ရရှိရန်အတွက်သာ စိတ်ဝင်စားနေကြသည်ဟု ကြားဝင်စေ့စပ်ညှိနှိုင်းပေးသူ ဦးစန္ဒာဂရ မှပြောကြား ခဲ့ပါသည်။ ငွေစုခြင်း အလေ့အထကောင်း ဖြစ်လာရန် အရေးကြီးကြောင်းကိုလည်း ထပ်လောင်းပြောကြားခဲ့ပါသည်။
- ပြန်လည်နေရာချထားသော နေရာအတွင်းတွင် အခြေခံအဆောက်အအုံးပိုင်းဆိုင်ရာနှင့် အခြား သော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပေးမှုများရှိသော်ငြားလည်း လူထုအတွက်လုံ လောက်မှုမရှိသေးကြောင်း၊ အိမ်သာအခက်အခဲ၊ မသန့်ရှင်းသော တွင်းရေ စသည့် ပြဿနာများ ရှိနေသေးကြောင်းကို စီမံကိန်းကြောင့် ထိခိုက်နစ်နာသောသူများကိုယ်စား ဦးအေးခိုင်ဝင်းမှ ပြောဆိုခဲ့ပါသည်။ ဒေါက်တာသန်းအောင်ထံသို့ လိုအပ်ချက်များကို စာတင်ပြီး JET မှ ဆောင်ရွက် ပေးသော်လည်း အမှိုက်ပြဿနာအတွက် ရေရှည်ဖြေရှင်းနိုင်မည့်နည်းလမ်းကို လိုချင်ပါကြောင်း လည်း ပြောကြားသွားပါသည်။
- အသေးစားငွေစုငွေချေးနှင့်ပတ်သတ်၍လည်း စီမံကိန်းကြောင့် ထိခိုက်နစ်နာသောသူများမှ ငွေစု ငွေးချေးစနစ်ကို စိတ်ဝင်စားပြီး ငွေစုခြင်းကိစ္စကိုလည်း စတင်နေပြီဖြစ်ပါသည်။ သို့ရာတွင် လူထုအတွက် တနေ့ ၁၀၀ ကျပ် စုရန်မှာ ခက်ခဲလှပါသည်။ သင်တန်းများပေးရုံမျှသာမကပဲ အလုပ် အကိုင်အခွင့်အလမ်း ဖော်ဆောင်ခြင်းများကိုလည်း တပြိုင်နက်လုပ်ဆောင်သင့်ပါသည်ဟု ဦးအေးခိုင်ဝင်းမှ ထောက်ပြပြောကြားခဲ့ပါသည်။ ငွေစုခြင်း စတင်သည်မှာ ၃လရှိပြီဖြစ်ကြောင်းနှင့်

ကျေးရွာဖွံ့ဖြိုးရေးရံပုံငွေ၏ ပမာဏနှင့် မည်သည့်အချိန်တွင် စတင်မည်တို့ကို ဒေသခံများမှမှ သိချင်နေပါကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

- Microfinance နှင့် ပတ်သက်သည့် အသိပညာ၊ ပိုင်ဆိုင်မှု၊ စီမံခြင်း စသည် တို့ကို နားလည်သဘောပေါက်စေရန် ကော်မီတီဝင်များကို သင်တန်းများပေးပြီးမှ fund ကို လူထုထံသို့ ပေးသင့်ကြောင်း ကြားဝင်စေ့စပ်ညှိနှိုင်းသူ ဦးစန္ဒာဂရ မှ သတိပေးပြောကြားခဲ့ပါသည်။
- **MJTD** မှ ဒေသခံများ ဆက်သွယ်ရေးအရာရှိ ဖြစ်သူဒေါ်အိအိခိုင်မှလည်း အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်သော သတင်းအချက်အလက်များအား အမြဲတမ်း သတင်းပေးပို့သော်လည်း ပြန်လည်နေရာချထားရေးဇရိယာမှဒေသခံများမှာ အလုပ်လျှောက်ထားမှု နည်းပါးသေးပါကြောင်းနှင့် PAP များအား အလုပ်လုပ်ကိုင်ကြပါရန် တွန်းအားပေးပြောကြားသွားပါသည်။ Dowa ကုမ္ပဏီ၏ ညစောင့်လိုအပ်မှု၊ Showa နှင့် Lu Thai ကုမ္ပဏီတို့မှ အလုပ်သမား(၁၀၀)ဦးရေ လိုအပ်ချက်များရှိကြောင်းကိုလည်း ပြောကြားသွားပါသည်။ ကျောင်းနေ အရွယ်ခလေးများအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ ထီး၊ အဝတ်အစား များအား PAP ခလေးများအား လှူဒါန်းပေးမှုနှင့် စာသင်နှစ်အစတွင် လေးတန်းအဆင့်မှစ၍ ပညာတော်သော ကျောင်းသူ/ကျောင်းသား များအား ပညာသင်ထောက်ပံ့ကြေးအဖြစ် ကျပ်ငွေ တစ်သိန်းထောက်ပံ့ပေးခဲ့ပြီး လစဉ်လည်း တစ်လလျှင် ကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ ကြား စာသင်နှစ်ပြီးဆုံးသည်အထိ ထောက်ပံ့ပါမည့် အကြောင်း ရှင်းလင်းပြောကြားသွားပါသည်။ ထို့အပြင် ဒေါ်အိအိခိုင်မှ Showa Glove ကုမ္ပဏီ အတွက် အသက် ၁၈နှစ်မှ ၃၅နှစ်ကြား အမျိုးသမီးဝန်ထမ်း (၁၃)ဦးကို ဗီယက်နမ်နိုင်ငံတွင် ၃ လကြာသင်တန်းပို့ပြီး သင်ကြားပေးမည့် အကြောင်းလည်း ပြောကြားသွားပါသည်။
- MJTD မှ ဒု ဥက္ကဌဖြစ်သူ ဦးသူရိန်အောင်မှ ကုမ္ပဏီ (၄၆) ခုသည် TSEZ တွင် ရင်းနှီးမြှုပ်နှံရန်စီစဉ်နေပြီး ၄င်းထဲမှ ကုမ္ပဏီ (၁၆)သည် မြေငှားစာချုပ်လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းနှင့် ယင်းအထဲမှ ကုမ္ပဏီ (၁၂)ခုမှာ စက်ရုံ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ၂၀၁၅ခုနှစ်ကုန်ပိုင်းတွင် ကုမ္ပဏီ ၃၊ ၄ခုမှာ စတင်လည်ပတ်နိုင်မည်ဟု မျှော်လင့်ထားပါကြောင်းနှင့် SEZ ကုမ္ပဏီများတွင် သင့်တော်သော အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းသည် အလွန်အရေးကြီးကြောင်းနှင့် မကြာသေးမီကာလတွင် PAP များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွါးလာမည်အကြောင်း ထပ်ဆင့် ပြောကြားသွားပါသည်။ ယခင်အသက်မွေးဝမ်းကျောင်းသင်တန်းများမှာ စက်ရုံများ၏ လိုအပ်ချက်များကို မူတည်၍ ပေးခဲ့ခြင်း မဟုတ်ပဲ ယခုအခါ MJTD မှ မည်သည့် စက်ရုံမှ မည်သို့သော လုပ်ငန်းမျိုးကို လုပ်ကိုင်မည်ကို သိရှိပြီးဖြစ်သဖြင့် သင့်တော်မည့် သင်တန်းများကို ပေးအပ်သွားရန် ရှိကြောင်း ပြောကြားခဲ့ပါသည်။ ILO မှ Mrs Piyamal မှလည်း အခြေခံရေးတတ်ဖတ်တတ်ရန်၊ ရေတွက်တတ်ရန် နှင့် အခြားကျွမ်းကျင်မှုများမှာလည်း အလုပ်အကိုင်ရှာဖွေရေးကို ပိုမိုလွယ်ကူစေကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။ Ball Asia Company မှ U Min Ta La Nyan မှလည်း PAPs (၈) ယောက်ခန့်မှာ ဆောက်လုပ်ရေး လုပ်နေဆဲကာလတွင် အလုပ်ခန့်အပ်ထားခြင်းဖြစ်ပြီး စက်ရုံများ လုပ်ငန်းစတင် လည်ပတ်ချိန်တွင် ကျွမ်းကျင်မှုများ ပိုမို လိုအပ်လာမည်ဖြစ်သည်ဟု ပြောကြား

ခဲ့ပါသည်။ Ball ကုမ္ပဏီမှ ၎င်း၏ အတွေ့အကြုံများကို အခြား ရင်းနှီးမြှုပ်နှံသူများထံသို့ မျှဝေသွားမည် ဖြစ်ကြောင်းလည်း ထပ်ဆင့်ပြောကြားခဲ့ပါသည်။

## ၄။ MSAG ၏ စည်းကမ်းသတ်မှတ်ချက်များအား နောက်ဆုံးအကြိမ်ဆွေးနွေးခြင်း-

- MSAG ၏ ပြဌာန်းချက်အား TSEZMC ဥက္ကဌမှ လက်မှတ်ရေးထိုးထားပြီး အစည်းအဝေး မှတ်တမ်းများအား အစီရင်ခံမည်ဖြစ်ပါသည်။
- အဖွဲ့ဝင်များ၏ ကာလအပိုင်းအခြားအား ယခင် (၆)လသက်တိုးခွင့်အစား (၁၂)လထိ ပြောင်းလဲသတ်မှတ်နိုင်ပါကြောင်း အကြံပြုပြောကြားသွားပါသ်ည်။

## ၅။ ဒေသခံများကိုယ်တိုင်ရေးဆွဲထားသော နစ်နာစေသည့် ယန္တယားဆိုင်ရာ တင်ပြချက်

ဆွေးနွေးပွဲဥက္ကဌမှ ထိခိုက်နစ်နာမှုဆိုင်ရာယန္တယားအကြောင်းသည် UN Guiding Principles for Business and Human Rights ထဲတွင်လည်း အောက်ပါအတိုင်း ထည့်သွင်းထားပါကြောင်း ပြောကြားသွားပါသည်။

***(5) Ensure effective grievance mechanisms:*** *Those affected adversely by a company's activities need access to effective remedies. This includes establishing grievance mechanism(s) that are accessible (including in the local language) to individuals, workers, consumers, and communities and the company's participation in and cooperation with the grievance mechanism. Companies can refer to Guiding Principles 29 and 31 of the UN Guiding Principles for Business and Human Rights for further information. Grievance mechanisms should be legitimate, accessible, predictable, equitable, transparent, rights-- ‑compatible, and a source of continuous learning. They should be designed in collaboration with potential users of the grievance mechanism.*

- ဒေသခံများ၏ အခက်အခဲများအပေါ် အခြေခံပြီးရေးဆွဲထားသော ဒေသခံများထိခိုက် နစ်နာမှုဆိုင်ရာ ယန္တရား အကြောင်းကို ERI မှ ကိုဘိုဘိုမှ ကနဦးရှင်းပြသွားပါသည်။ ယာယီဖြေရှင်းနည်းမှ ရေရှည်ဖြေရှင်းနည်းဖြစ်လာစေရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့ပါသည်။
- ကိုအေးခိုင်ဂင်း (member of PAP) မှ ဒေသခံများကိုယ်တိုင်ရေးဆွဲထားသော ယာယီ ယန္တရားအား ရေရှည်မှာ ဖွံ့ဖြိုးတိုးတက်စေချင်ပါကြောင်းလည်းပြောကြားသွားပါသည်။ ဥပမာအားဖြင့် လုပ်ခလစာပြဿနာများနှင့် အလုပ်သမားများ၏ သဘောတူစာချုပ်နှင့် အမိုက်စွန့်ပစ်မှု ပြဿနာများသည်လည်း အဆိုပါယန္တယားတွင် ထည့်သွင်းထားပါကြောင်း ပြောကြားသွားပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ သတင်းပေးကြားမှု နောက်ကျပြီး အခြားဒေသခံများထက် စောစီးစွာ သိသင့်ကြောင်းပြောကြားခဲ့ပါသည်။ ထို့အပြင် PAPs များမှ SEZ ဇရိယာတွင် အလုပ်လုပ်ကိုင်ရန် စိတ်မဝင်စားခြင်းသည် လုပ်ခလစာထဲမှ နေ့စဉ်ရုံးသွား ရုံးပြန်စရိတ်အား သုံးစွဲရသည့်အတွက်ဖြစ်ကြောင်း တင်ပြ သွားပါသည်။
- ကိုအေးခိုင်ဂင်းမှ ထပ်မံ၍ MJTD အား လူထုနှင့်ဆက်ဆံရာတွင် ခင်ခင်မင်မင်ဆက်ဆံမှုပေးပါရန် တိုက်တွန်းပြောကြားခဲ့ပါသည်။ ယခင် (သို့) ယခု အစိုးရအရာရှိများ နှင့် ယုံကြည့်မှုတည်ဆောက်ရန် လူထုအတွက် ခက်ခဲကြောင်းလည်း ပြောကြားခဲ့ပါသည်။
- ဒေါက်တာသန်းအောင်မှ အလုပ်သမားပြဿနာများကို ကူညီဖြေရှင်းပေးရန်နှင့် တိုင်ကြားချက်များကို လက်ခံပေးရန် ပြဿနာများကို ဖြေရှင်းလက်ခံပေးနေသော တနေရာထဲတွင် ဖြေရှင်း

ပေးနိုင်သော ဂန်ဆောင်မှုရုံး ဖွင့်လှစ်ထားပါကြောင်းဖြေကြားသွားပါသည်။ ထို့အပြင် အလုပ်အကိုင်ကြော်ငြာခြင်းများကို ခရိုင်အဆင့်ရုံးမှသတင်းပေးသည့် အပြင် PAP များကိုပါ တိုက်ရိုက်သတင်းပေးရန် MJTD အား အကြံပေး ပြောကြား သွားပါသည်။

- TSEZMC/OSSC, MJTD နှင့် ရင်းနှီးမြှုပ်နှံသူကုမ္ပဏီများ စသည့် အဖွဲ့အစည်းများအပြင် ဒေသခံအာဏာပိုင်များမှ မတူညီသည့် အချက်များ အပေါ် တာဂန်ယူမှုများ ကို ရှင်းလင်းအောင် လုပ်ရန် လိုအပ်ကြောင်း Chair မှ မှတ်ချက်ပေးပြောကြားခဲ့ပါသည်။
- MJTD မှ ဦးသူရိန်အောင်နှင့် ဒေါ်အိအိခိုင်မှလည်း SEZ ၏ ပတ်ဂန်ကျင်ဆိုင်ရာ ပြဿနာများ စွန့်ပစ် ပစ္စည်း ပြဿနာများမှာ MJTD မှ တာဂန်ယူရမည် ဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီများ၏ တဆင့်ခံ ကန်ထရိုက်တာများနှင့် ပတ်သတ်သော အလုပ်သမားဆိုင်ရာ ကိစ္စရပ်များကိုမူ မဖေါ်ပြပေ။ MJTD မှ ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီများနှင့် ရပ်ရွာလူထုအကြား ဆက်ဆံရေး ပိုမို ကောင်းမွန်တိုးတက်လာအောင် ပြုလုပ်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ထို့အပြင် ဦးသူရိန်အောင်မှ ပြီးခဲ့သည့်နှစ်မှစ၍ ပြန်လည်နေရာချထားရေးဧရိယာမှ အလုပ်သမားများအား အကြိုအပို့ပြုလုပ်ပေးရန် စီစဉ်ထားသော်လည်း အကြိုအပို့လိုအပ်သော အလုပ်သမားမရှိသေးပါကြောင်းနှင့် အလုပ်သမားများ အမှန်တကယ်လိုအပ်ခဲ့ပါက စီစဉ်ပေးပါမည့်အကြောင်း ပြောကြားသွားပါသည်။ ထို့အပြင် တောင်းဆိုချက်၊ တိုင်ကြားချက်များအား စီမံခန့်ခွဲရေး ကော်မတီမှ ဒေါက်တာသန်းအောင်ဆီသို့ တင်ပြသည့်အခါတိုင်း တောင်းဆိုမှုများနှင့် လိုအပ်ချက်များအား မည်သို့ကူညီမှု ပေးနိုင်မည်ကို သိရှိနိုင်ရန်အတွက် MJTD အား မိတ္တူပေးပါရန် ဒေသခံများအားပြောကြားသွားပါသည်။
- အလုပ်နေရာ ညှိနှိုင်းရေးကော်မတီများမှ အလုပ်အင်အားတည်ဆောက်မှုများ၏ အလုပ်သမားပြဿနာများအတွက် ထိခိုက်နစ်နာမှုဆိုင်ရာယန္တယား ပုံစံအားပြုလုပ်ပေးရန် ILO မှ Mrs. Piyamal Pichaiwongse မှ ပြောကြားသွားပြီး ILO မှလည်း အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ သင့်တော်သောပုံစံများနှင့် အလုပ်သမားဥပဒေကို နားလည်သဘောပေါက်လာမှု ရှိလာစေရန် ကူညီပေးပါမည် အကြောင်း ပြောကြားသွားပါသည်။
- နိဂုံးချုပ်အနေဖြင့် အစည်းအဂေးစီစဉ်သူ ဥက္ကဋ္ဌ Mrs. Vicky Bowman မှ ယခု အစည်းအဂေး မှ ထပ်မံဆွေးနွေးရမည့် အသေးစိတ်အကြောင်းအရာများအား ဆွေးနွေးနိုင်ရန် ERI, MJTD မှ လူထုဆက်သွယ်ရေးအရာရှိ၊ TSEZMC အဖွဲ့ဂင်၊ အခြားသက်ဆိုင် သော ကိုယ်စားလှယ်များ၊ ဒေသခံကိုယ်စားလှယ်များနှင့် JICA ကျွမ်းကျင်အဖွဲ့ ပါဂင်သည့် အစည်းအဂေးကို အောက်တိုဘာလအတွင်း ထပ်မံစီစဉ်ပါမည့်အကြောင်း အဆိုပြု ပြောကြားသွားပါသည်။ နောက်လာမည့် အစည်းအဂေးတွင် အကောင်းမြင်သည့် အတွေးများ၊ အပြုသဘောဆောင်သည့် အမြင် များဖြင့် လူထုအပေါ် မည်သို့ ကူညီပေးနိုင်မည်ဆိုသည်ကို ရှေ့သို့ရှေးရှု၍ ဆွေးနွေးသွားရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

- အစည်းအဂေးကို ညနေ ၅နာရီ ၃၀ မိနစ်တွင် ရုပ်သိမ်းခဲ့ပါသည်။